FACTSHEET

NSW ပညာရေးဌာန

## Student use of mobile phones in schools

Information for parents and carers

# ကျောင်းသားများ ကျောင်းတွင် မိုဘိုင်းဖုန်း အသုံးပြုခြင်း

## မိဘနှင့် အုပ်ထိန်းသူများအတွက် သတင်းအချက်အလက်များ

### အထက်တန်းကျောင်းများတွင် မိုဘိုင်းဖုန်းအသုံးပြုခြင်းကို ယခုအခါ တားမြစ်ထားပြီ ဖြစ်သည်။

အထက်တန်းကျောင်းများတွင် မိုဘိုင်းလ်ဖုန်းအသုံးပြုမှု တားမြစ်ချက်သည် NSW အစိုးရမူလတန်းကျောင်းများတွင် ယခင်ကတည်းက ချမှတ်ထားသည့် တားမြစ်ချက်အပေါ် အခြေခံထားခြင်း ဖြစ်သည်။

စာသင်ချိန်၊ အားလပ်ချိန်နှင့် နေ့လယ်စာစားချိန်တို့သည်  ယင်းတားမြစ်ချက်တွင် အကျုံးဝင်သည်။ ကျောင်းသားများ ကျောင်းသွား၊ ကျောင်းပြန်လမ်းခရီးတွင် ဖုန်းကိုင်ဆောင်ခွင့်ရှိသည်။

ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် ဖြစ်စေ၊ ကျောင်းသား၏ ပညာသင်ယူမှုနှင့် ကောင်းကျိုးအတွက် သင့်လျော်သလို ပြုပြင်ပြောင်းလဲမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်စေ  ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများအနေဖြင့်လည်း မိုဘိုင်းဖုန်း အသုံးပြုခွင့် ပေးနိုင်သည်။

မိုဘိုင်းဖုန်းအသုံးပြုမှု တားမြစ်ချက် ချမှတ်ခြင်းကို အထောက်အကူပြုရန်အတွက် ကျောင်းများအနေဖြင့် အကောင်အထည်ဖော်မှုဆိုင်ရာ ရွေးချယ်စရာ နည်းလမ်းများနှင့်ပတ်သက်၍ မိမိတို့၏ ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးရန် NSW ပညာရေးဌာနက တောင်းဆိုထားပြီး ဖြစ်သည်။

အဆိုပါ ရွေးချယ်စရာများတွင် အောက်ပါနည်းလမ်းများ ပါဝင်သည်-

**ဖုန်းကို စက်ပိတ်၍ အဝေးတွင်ထားရှိခြင်း** - ဖုန်းများကို စက်ပိတ်၍ အဝေးတွင် ထားရှိခြင်း (ပုံမှန်အားဖြင့် ကျောင်းသား၏ လွယ်အိတ်ထဲတွင် ထားခြင်း)။ ကျောင်းချိန်အတွင်း ဖုန်းအသုံးမပြုခြင်း။

**ဖုန်းများကို သော့ခတ်နိုင်သော ဗီရိုများ (lockers) တွင် ထားရှိခြင်း** - ကျောင်းသားများအနေဖြင့် ဖုန်းများကို အတန်းထဲသို့ ယူဆောင်လာခြင်း မပြုဘဲ ကျောင်းချိန်အတွင်း သော့ခတ်နိုင်သော ဗီရိုများ(**lockers**)ထဲတွင် သိမ်းဆည်းထားခြင်း။

**သော့ခတ်နိုင်သော ဖုန်းအိတ်များကို အသုံးပြုခြင်း** - ကျောင်းသားများအနေဖြင့် ၎င်းတို့၏ ဖုန်းများကို သံလိုက်ဖြင့် သော့ခတ်နိုင်သော အိတ်ထဲတွင် ထည့်ထားသည့်အတွက် ကျောင်းချိန်အတွင်း ဖုန်းအသုံးပြုနိုင်မည် မဟုတ်တော့ပါ။ ကျောင်းဆင်းချိန်တွင် အဆိုပါ ဖုန်းအိတ်များကို သံလိုက်ဖြင့် သော့ဖွင့်ပေးမည် ဖြစ်သည်။

**ဖုန်းများကို ကျောင်းအဝင်ရှိ ရုံးတွင် သိမ်းဆည်းထားခြင်း** - ကျောင်းသားများအနေဖြင့် ကျောင်းသို့ ရောက်ရောက်ချင်း ၎င်းတို့၏ ဖုန်းများကို ကျောင်းအဝင်ရှိ ရုံးတွင် အပ်ထားခဲ့ပြီး ကျောင်းဆင်းချိန် (သို့မဟုတ် ကျောင်းမှ ထွက်ခွာသည့်အချိန်) တွင် ပြန်လည်ထုတ်ယူခြင်း။

**စာသင်ချိန် အစ၌ ဖုန်းများကို ခေတ္တသိမ်းဆည်းထားခြင်း** - စာသင်ချိန် စတင်သည်နှင့် ဆရာက ဖုန်းများကို ခေတ္တသိမ်းဆည်းထားပြီး စာသင်ချိန်အပြီးတွင် ဖြစ်စေ၊ ကျောင်းသား စာသင်ခန်းမှ ထွက်ခွာချိန်တွင်ဖြစ်စေ ဖုန်းပြန်ပေးခြင်း။

ဤမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် မည်သည့်နည်းလမ်းအား ရွေးချယ်မည်ဆိုသည်ကို ကျောင်းအသိုင်းအဝိုင်း တစ်ခုချင်းစီက ဆုံးဖြတ်ရမည် ဖြစ်သည်။

### ကျောင်းသားများအနေဖြင့် ကျောင်းချိန်အတွင်း မိဘ၊ အုပ်ထိန်းသူများနှင့် ဆက်သွယ်ခြင်း

ကျောင်းချိန်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူများနှင့် ကျောင်းသားများအကြား အချင်းချင်း ဆက်သွယ်ရသည့်အခါများ ရှိနိုင်သည်။ အရေးတကြီး ဆက်သွယ်ရန် လိုအပ်ပါက မိဘ/အုပ်ထိန်းသူများအနေဖြင့် ကျောင်း၏ရုံးခန်းမှတစ်ဆင့် ဆက်သွယ်နိုင်ပြီး ကျောင်းသားများအနေဖြင့်လည်း ကျောင်း၏ ရုံးခန်းမှတစ်ဆင့် မိဘ/အုပ်ထိန်းသူများထံ ဆက်သွယ်နိုင်မည် ဖြစ်သည်။

### တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ထပ်မံ သိရှိလိုပါက သက်ဆိုင်ရာ ကျောင်းသို့ ဆက်သွယ်ပါ။ ဤသို့ ဆက်သွယ်စုံစမ်းရာတွင် စကားပြန် အကူအညီလိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောသော စကားပြန်တစ်ယောက် တောင်းခံပါ။

သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို အော်ပရေတာအား ပြောပြပါ။ သင် စကားပြောဆိုရာတွင် ကူညီရန် အော်ပရေတာက ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည်မဟုတ်ပါ။

NSW GOVERNMENT